# ကျီကုန်းကျေးရွာ

## ကျီကုန်းကျေးရွာအုပ်စု၊ ချောင်ဦးမြို့နယ်

## စစ်ကိုင်းတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျီကုန်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချောင်းဦးမြို့နယ်၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၂၀ ပြည့်နှစ် ဇွန်လ

## မာတိကာ


မာတိကာ ၁

စကားချီး ၃

ကျိုကုန်းကျေးရွာသယံဇာတပြဖြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန် ၄

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၈

(က) ကုန်စည်နှင့်ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၉

၉။ ကျား-မ ရေးရာ ၁၀

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

(က) ဦးစားပေးစီမံချက်များ ၁၁

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၁၂

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၃-၁၄

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၁၅-၁၆

ကော်မတီဝင်များစာရင်း ၁၇

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ခု၊ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားလှယ်များအသီးသီး၊မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရအရေးကြီးအချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီ ရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီး အပိုင်း(၂)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျိုက္ခုန်းကျေးရွာ၊ချောင်းဦးမြို့နယ်

၂၀၂၀ ခုနှစ်၊ ဇွန် လ(  )ရက်

# ကျီကုန်းကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်




စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်

အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေး

လုပ်ငန်းများ

**(က)နိဒါန်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

**(ခ) ရည်ရွယ်ချက်**

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

**(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ကျိုက္ခုန်းကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံး နှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

ကျီကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း (ခင်မွန် - ကျီကုန်း- ရွှေဒါးကျ)လမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ချောင်းဦးမြို့နှင့် ဆက်သွယ်ရ သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး ချင်းတွင်းမြစ်ရေဝင်ဒေသဖြစ်၍ နှံးတင်မြေ နု လယ်မြေများတွင် မြေအောက်ရေကို စိုက်ပျိုးရေ အဖြစ် အသုံးပြုနိုင်ပါသည်။

## ၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက္ခ(၃၀) နှင့် လက္ခ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက (၁၆၁၉)ဧကခန့်ရှိပြီး စပါး၊ ကုလားပဲ၊ နှမ်း နှင့် ကွမ်း အဓိက စိုက်ပျိုးပါသည်။ သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ ကုက္ကိုလ်ပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး ၊ အဓိကခိုင်းနွားနှင့် ကျွဲများအတွက် အစာများဖြစ်သည့် ပဲရိုး ၊ မြက်တို့ကို လွယ်ကူစွာရရှိနိုင်၍ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုဝင်ပေါင်း(၈၂၀)ရှိပြီး ၊ စုစုပေါင်းလူဦးရေ(၄၁၁၁)ဦး၊ ကျား(၁၉၇၄)ဦး ၊ မ(၂၁၃၇)ဦး မှီတင်းနေထိုင်ကြပါသည်။ ကျေးရွာရှိလူဦးရေတွင် အလုပ်လုပ်နိုင်သူ အသက်(၁၅)နှစ် မှ(၆၄)နှစ်အတွင်း လူဦးရေ (၂၈၂၄)ဦး ရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၄)ဖွဲ့၊ ဘာသာရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက် အမျိုးသမီးများ နှင့် လူငယ်များမှ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး၊ ကျေးရွာ၏လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ်ကျွေးမွေးရေးလုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့အနေဖြင့် ကျေးရွာ၏စိုက်ပျိုးရေး၊စီးပွါးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းများရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများမှာလည်း ညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျှက်ရှိကြပါသည်။

## ၄။ စီးပွားရေး နှင့် အသက်မွေးမှုအခြေအနေ

### (က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သင့်တင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၄၅%)သည် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး၊(၂၄%)သည် မပြေလည်သော အိမ်ထောင်စု (၁၈%)သည် အလယ်အလတ်ရှိသော အိမ်ထောင်စု နှင့် (၁၃%)သောအိမ်ထောင်စုသည် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

### (ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ

ကျီကုန်းကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအနေဖြင့် လယ်မြေ အမျိုးအစားများဖြစ်ပြီး မြေအောက်ရေကို အဓိကထား စိုက်ပျိုးနိုင်မှုကြောင့် စိုက်ပျိုးရေး အနေအထား အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော လယ်မြေဧကပေါင်း (၁၆၁၉)ရှိပြီး စပါး၊ ကုလားပဲ၊ နှမ်း နှင့် ကွမ်းများ အဓိက စိုက်ပျိုးပါသည်။

### (ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကျီကုန်းကျေးရွာ၏ အဓိကသီးနှံများမှာ စပါး၊ ကုလားပဲ၊ နှမ်း နှင့် ကွမ်း လုပ်ကိုင်ကြပါသည်။ အဓိက စပါး တစ်ဧကလျှင် အနည်းဆုံး(၅၀)တင်း၊ အများဆုံး(၈၀)တင်း နှင့် ပျှမ်းမျှ(၇၀)တင်း ထွက်ရှိသည်။ ကုလားပဲ တစ်ဧကလျှင် အနည်းဆုံး (၁၀)တင်း၊ အများဆုံး (၁၅)တင်း နှင့် ပျှမ်းမျှ

(၁၂)တင်း ထွက်ရှိပါသည်။ နှမ်းတစ်ဧကလျှင် အနည်းဆုံး (၅)တင်း၊ အများဆုံး (၁၀)တင်း နှင့် ပျမ်းမျှ(၈)တင်း ထွက်ရှိပါသည်။ ကွမ်း တစ်ဧကလျှင် အများဆုံး (၁၅၀)ပိဿာ၊ အများဆုံး (၂၅၀) ပိဿာနှင့် ပျမ်းမျှ (၁၀၀)ပိဿာ ထွက်ရှိပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ကျီကုန်းကျေးရွာတွင် နို့စားနှင့် အသားစားကျွဲ၊ နွားမွေးမြူထားခြင်း မရှိပါသော်လည်း ခိုင်းနွား အဖြစ် မွေးမြူသောအိမ်ထောင်စု (၅၅)စုရှိပြီး ဝက်၊ ကြက် တစ်ပိုင်တစ်နိုင်မွေးမြူသော မိသားစု အနည်းငယ်မျှသာရှိပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်း မရှိကြပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ကျီကုန်းကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေ ရလုပ်ငန်းများ၊ စိုက်ပျိုးရေးနေ့စားလုပ်သားများ၊ ပန်းရံလုပ်သားများ၊ စျေးဆိုင်၊ အလူမီနီယမ်လုပ်ငန်းနှင့် အစိုးရ ဝန်ထမ်းတို့ ဖြစ်ပါသည်။ ရပ်တည်နိုင်မှုအနေဖြင့် အလယ်အလတ်အဆင့်တွင် ရှိပါသည်။

၅။ အခြေခံအဆောက်အဦး နှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက် လက်လှမ်းမီမှုအခြေအနေ

ကျီကုန်းကျေးရွာသည် ခင်မွန်-ကျီကုန်း-ရွှေဒါးကျ လမ်းမကြီး၏ဘေးတွင် တည်ရှိသဖြင့် ဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပါသည်။ နံနက်ခင်းကုန်စိမ်းစျေး ရှိပါသည်။ ချောင်းဦး စျေး နှင့် (၄)မိုင်ခွဲခန့် ကွာဝေးပါသည်။ အကြီးစားစျေးကွက်ဖြစ်သော မုံရွာစျေးနှင့် (၁၁)မိုင်ခန့်သာ ကွာ ဝေးပြီး ကုန်စည်မျိုးစုံ သွားရောက်ဝယ်ယူနိုင်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ကျီကုန်းကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့်လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေး အတွက် စက်ဘီး

(၈၉)စီး၊ မော်တော်ဆိုင်ကယ်(၁၅၂၃)စီး၊ ထော်လာကျီ(၂၇)စီး နှင့် နွားလှည်း(၁၅၀)စီး အသုံးပြုလျက်ရှိပါသည်။

လျှပ်စစ်မီးရရှိပြီးဖြစ်ပြီး အသုံးပြုနိုင်သော အိမ်ထောင်(၃၇၀)စုရှိပြီး တစ်အိမ်သုံး ဆိုလာစနစ် အသုံးပြုနိုင်သော အိမ်ထောင်စု(၄၁၀)စုနှင့် ဒီဇယ်အင်ဂျင် အသုံးပြုနိုင်သော အိမ်ထောင်စု (၄၀)စု ရှိပါသည်။ ကျေးရွာရှိ အိမ်တိုင်းသည် လက်ကိုင်ဖုန်းများ အသုံးပြုနေကြပြီး ဖြစ်ပါသည်။ အင်တာနက် အသုံးပြုနိုင်မှုရှိပြီး အခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထားသဖြင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

၆။ ပညာရေး

ကျီကုန်းကျေးရွာတွင် မူလတန်းကျောင်းသား ပေါင်း(၃၁၀)ဦး၊ အလယ်တန်း ကျောင်းသား ပေါင်း (၂၆၈)ဦး၊ အထက်တန်းကျောင်းသား (၅၈)ဦး နှင့် တက္ကသိုလ် ၊ ကောလိပ်ကျောင်းသား (၂၉)ဦးရှိပြီး မူလတန်း ကျောင်းသူ ကျောင်းသားများမှာ ကျေးရွာရှိ မူလတန်းကျောင်းတွင် တက်ရောက်ပြီး အထက်တန်း ကျောင်းခွဲလည်း ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများမှာ ချောင်းဦးမြို့သို့လည်း တက်ရောက် ကြပါသည်။

ကျေးရွာတွင် စာသင်ကျောင်းဆောင် (၄)ဆောင်ရှိပြီး အရည်အသွေးအသင့်တင့် ကောင်းမွန်ပါသည်။ ကျောင်းတွင် ဆရာ / ဆရာမ စုစုပေါင်း(၅၀)ဦးရှိပြီး အင်အား လုံလောက်မှု ရှိပါသည်။ ကျောင်းတွင် အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမှီမှု နည်းပါးပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျီကုန်းကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျော ရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပြီး၊ အသက်(၄၀)ကျော် လူကြီးများမှာ သွေးတိုးရောဂါ ဖြစ်ပွားမှု များပါသည်။ အခြားရောဂါများဖြစ်သော အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ အသည်းရောဂါ (ဘီ၊စီ)၊ HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ နှင့် ကလေးငယ် များအတွက် လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါသည်။ အရေးပေါ် အခြေအနေ ဖြစ်ပေါ်ပါက ချောင်းဦးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။

ကျီကုန်းကျေးရွာတွင် အိမ်ထောင်စု(၈၂၀)စုရှိပြီး၊ ယင်လုံအိမ်သာ(၈၂၀)လုံးရှိပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများရှိသဖြင့် ကျောင်းသူ/ကျောင်းသားများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျီကုန်းကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အသင့်အတင့်အနေအထားတွေ့ရှိရ ပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ၃၁% ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး လုပ်သားအဖြစ် အဓိက ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စု အချို့ရှိပြီး ချေးငွေအများစုကို NGO အဖွဲ့အစည်းများမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းတို့မှ ချေးငွေများ ချေးယူကြပါသည်။ ချေးငွေများကို စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးစရိတ် တို့အတွက် အသုံးပြုကြပါသည်။

မိုးများသောနှစ်များတွင် ချင်းတွင်းမြစ်ရေကြီးပြီး သီးနှံများ ပျက်စီးဆုံးရှုံးမှုများ တွေ့ရပါသည်။ အချို့နှစ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။ စိုက်ပျိုးမြေ မြေဆီလွှာ ပျက်စီးမှုနည်းပါး ပါသည်။ စိုက်ပျိုးပင်မျိုးစိတ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေရရှိမှုမှာ မြေအောက်ရေမှ အလွယ်တကူရရှိပါသည်။ သောက်သုံးရေမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မြစ်ရေဝင်ရောက်တတ်သောကြောင့် သောက်သုံးရေ ခက်ခဲမှုရှိပါသည်။ တိရိစ္ဆာန်များတွင် ကူးစက်ရောဂါ ကျရောက်မှုအခြေအနေမှာ ကဆုန်၊ နယုန်လများတွင် တွေ့ရှိရ ပါသည်။ သစ်တောပြုန်းတီးခြင်း အသင့်တင့်ဖြစ်ပေါ်လေ့ရှိပါသည်။

၉။ ကျား-မ ရေးရာ

ကျီကုန်းကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများမရှိပါ။ ပညာရေး နှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူ ညီစွာရရှိပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု လျော့နည်းသော်လည်း အခြား လူမှုရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှု နှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/ သားအုပ်စု(၅)စု၊(က)ရပ်မိရပ်ဖအုပ်စု၊ (ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အုပ်စု၊ (ဃ)အမျိုးသမီးအုပ်စု၊ (င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာ၊အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| စီမံချက် | အကဲဖြတ်အမှတ်ပေးသူ(၁) | အကဲဖြတ်အမှတ်ပေးသူ(၂) | အကဲဖြတ်အမှတ်ပေးသူ(၃) | အကဲဖြတ်အမှတ်ပေးသူ(၄) | အကဲဖြတ်အမှတ်ပေးသူ(၅) | ရမှတ်ပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅၀ | ၁ |
| ၂။ ရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်းနှင့် ရေဆိုးထုတ်မြောင်းတူးခြင်း | ၁၀ | ၁၀ | ၉ | ၁၀ | ၉ | ၄၈ | ၂ |
| ၃။ ရိုးမတံတားတည်ဆောက်ခြင်း | ၁၀ | ၉ | ၉ | ၈ | ၁၀ | ၄၆ | ၃ |
| ၄။ ကုန်ထုတ်လမ်းဂျင်းခင်းခြင်း | ၁၀ | ၉ | ၉ | ၈ | ၁၀ | ၄၆ | ၄ |
| ၅။ KG ကျောင်းဆောင်ဆောကက်လုပ်ခြင်း | ၈ | ၈ | ၁၀ | ၇ | ၉ | ၄၄ | ၅ |

**(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁ | ✔ | - | - | - | - |
| ၂။ ရွာတွင်းလမ်းသွယ် များကွန်ကရစ်ခင်းခြင်း နှင့် ရေဆိုးထုတ်မြောင်း တူးခြင်း | ၂ | - | ✔ | - | - | - |
| ၃။ ရိုးမတံတား တည်ဆောက်ခြင်း | ၂ | - | - | ✔ | - | - |
| ၄။ ကုန်ထုတ်လမ်း ဂျင်းခင်းခြင်း | ၃ | - | - | - | ✔ | - |
| ၅။ KG ကျောင်းဆောင် ဆောက်လုပ်ခြင်း | ၃ | - | - | - | - | ✔ |

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ ကျီကုန်းကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | စံပြစျေးလမ်းမကောင်းခြင်း | မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးရာသီတွင် ရွံ့များထူခြင်း ကျန်းမာရေးကာကွယ်ရေးဆိုင်ရာ ပြဿနာများ သွားလာမှုခက်ခဲခြင်း ကျောင်းသားကျောင်းသူများ သွားလာမှု ခက်ခဲခြင်း | ရွာသူ၊ရွာသားများ လုပ်အားပါဝင်ခြင်း ငွေကြေးဖြင့် ပါဝင်ခြင်း | ငွေကြေး လုံလောက်မှု မရှိခြင်း | လမ်းပြုပြင်ခြင်း အဆင့်မြင့် ကွန်ကရစ်လမ်းများ တည် ဆောက်ခြင်း | ကွန်ကရစ်လမ်းခင်းခြင်း |
| ၂။ | လမ်းဘေးဝဲယာရေဆိုးထုတ်မရှိခြင်း | လမ်းဘေးဝဲယာတွင် ရေထွက်ပေါက်မရှိခြင်းကြောင့် ရေများဝပ်နေပြီး ခြင်၊ ယင်များ ပေါက်ပွားကာ ကျန်းမာရေးထိခိုက်ခြင်း | ရွာသူ၊ရွာသားများ လုပ်အား ပါဝင်ခြင်း | စီမံမှုနှင့်ငွေကြေး လုံလောက်မှု မရှိခြင်း | လမ်းဘေးဝဲယာတွင် ရေဆိုး ထုတ်များပြုလုပ်ကာ ကျန်းမာရေးစောင့်ရှောက် ခြင်း | လမ်းဘေးဝဲယာ ရေဆိုး ထုတ် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ ကျီကုန်းကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံ ချက် နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃။ | ရိုးမတံတား | ရိုးမတံတား မကောင်းခြင်း | ရွာသူ၊ ရွာသားများ | ငွေကြေး | ရိုးမတံတား တည်ဆောက် | ရိုးမတံတား တည်ဆောက် |
| | မကောင်းခြင်း | ကြောင့် ရွာပေါင်းများစွာ | လုပ်အား ပါဝင်ခြင်း | လုံလောက်မှု | ပေးခြင်း | ခြင်း |
| | | သွားလာခက်ခဲခြင်း၊ စိုက်ချိန် | | မရှိခြင်း | | |
| | | သိမ်းချိန် အချိန်မမှန်ခြင်း | | | | |
| | | နွားလှည်းများကူးသန်းရာ | | | | |
| | | အဆင်မပြေခြင်း။ | | | | |
| | | | | | | |
| ၄။ | ကုန်ထုတ်လမ်း | သီးနှံများသယ်ယူပို့ဆောင် | ရွာသူ၊ရွာသာများ | ငွေကြေး | ကုန်ထုတ်လမ်း ကျင်းခင်းခြင်း | ကုန်ထုတ်လမ်း ကျင်းခင်း |
| | မကောင်းခြင်း | ရာတွင် ခက်ခဲခြင်းနှင့် | လုပ်အားပါဝင်ခြင်း | လုံလောက်မှု | | ခြင်း |
| | | ကျန်းမာရေးကားများ သွား | ငွေကြေးဖြင့် ကူညီ | မရှိခြင်း | | |
| | | လာရာ အခက်အခဲများရှိခြင်း | ခြင်း | | | |
| ၅။ | KGကျောင်းဆောင် | KGကျောင်းသားလေးများ | ရွာသူ၊ရွာသားများ | ငွေကြေး | KG ကျောင်းဆောင် | KG ကျောင်းဆောင် |
| | မရှိခြင်း | အတွက် သီးသန့်ကျောင်း | လုပ်အား ပါဝင်ခြင်း | လုံလောက်မှု | တည်ဆောက်ခြင်း | တည်ဆောက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | ဆောင် မရှိခြင်း | ငွေအားပါဝင်ခြင်း | မရှိခြင်း | | |
| | | | | | | |
| | | | | | | |

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ | - ကျီကုန်းကျေးရွာ |
| ကျေးရွာအုပ်စု | - ကျီကုန်းကျေးရွာအုပ်စု |
| မြို့နယ် | - ချောင်းဦးမြို့နယ် |
| တိုင်းဒေသကြီး/ပြည်နယ် | - စစ်ကိုင်းတိုင်းဒေသကြီး |
| စီမံချက်အမည် - ကျေးရွာ ရွာအဝင်နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၀၀၀' ×၉'×၆") | |
| စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ<br>- လက်ရှိကျေးရွာရှိ လမ်းများမှာ မြေသားလမ်းဖြစ်ပါသည်။<br>- မိုးရာသီတွင် ရွံ့စေးရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။<br>- မိုးရာသီတွင် ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် ခက်ခဲခြင်း၊<br>- ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များခက်ခဲစွာဝင်ထွက်သွားလာနေရခြင်း။<br>- မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ကား/ထော်လာကျီများသွားလာရာတွင် ခက်ခဲနေပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)<br>- မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။<br>- မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။<br>- ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။<br>- ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။ | |
| မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ)<br>- လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ | |
| စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) | |

- ကျေးရွာ ရွာအဝင် နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၀၀၀' ×၉'×၆") လုပ်ငန်း ဆောင်ရွက်ပါမည်။
- လုပ်ငန်းခန့်မှန်းကုန်ကျငွေကျပ်(၁၁၅၁၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀၀/- (ငွေသား)<br>• ၁၅၁၀၀၀၀/- (ငွေသား)(ပစ္စည်း+လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၉၇၄ | ၂၁၃၇ | **၄၁၁၁** | ၁၀၀ | ၁၅၀ | ၂၀၀ | ၃၇၀ | **၈၂၀** |
| အကျိုးခံစားမည့်သူဦးရေ | ၁၉၇၄ | ၂၁၃၇ | **၄၁၁၁** | ၁၀၀ | ၁၅၀ | ၂၀၀ | ၃၇၀ | **၈၂၀** |
| မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄ | | | | | | | | |

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၂၀-ခုနှစ်၊ မေလ

(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀-ခုနှစ်၊ ဇွန်လ

(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -

- ကျေးရွာ ရွာအဝင် နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၀၀၀' ×၉'×၆") လုပ်ငန်း ခန့်မှန်းကုန်ကျငွေ (၁၁၅၁၀၀၀၀/-)တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၁၅၁၀၀၀၀/-)နှင့် လုပ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။

- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများ နှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ရှမ်းထူးကျေးရွာ၊ ကင်မွန်းတော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်ဆန်း | ဦးသုခ | ၅/ခဥတ(နိုင်)၀၀၀၉၅၂ | ၅၄ | ဥက္ကဋ္ဌ | ၀၉-၇၉၅၁၁၆၅၈၄ |
| ၂ | ဦးစိုးသူ | ဦးကံစိန် | ၅/ခဥတ(နိုင်)၀၈၃၆၇၇ | ၃၁ | အတွင်းရေးမှူး | ၀၉-၉၇၆၆၆၆၁၃၃ |
| ၃ | ဒေါ်ခင်မြင့်ရီ | ဦးကျော်မြင့် | ၅/ခဥတ(နိုင်)၀၀၁၀၁၀ | ၄၈ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၀၈၅၈၈၉၄ |
| ၄ | ဒေါ်မို့မို့ | ဦးကျော်ဌေး | ၅/ခဥတ(နိုင်)၀၅၉၁၂၂ | ၄၂ | စာရင်းကိုင် | - |
| ၅ | ဒေါ်အေးအေးငြိမ်း | ဦးအောင်ခိုင် | ၅/ခဥတ(နိုင်)၁၀၈၈၄၇ | ၂၇ | သေ့ကိုင်(၁) | ၀၉-၇၇၁၅၆၀၁၆၅ |
| ၆ | ဒေါ်ယမင်းဆွေ | ဦးဆွေလွင် | ၅/ခဥတ(နိုင်)၀၈၇၀၅၀ | ၂၄ | သေ့ကိုင်(၂) | - |
| ၇ | ဦးဝင်းမြင့် | ဦးသန်းမောင် | ၅/ခဥတ(နိုင်)၀၅၀၅၄၉ | ၄၅ | အဖွဲ့ဝင် | - |
| ၈ | ဦးကျော်မျိုး | ဦးညွှန့်အောင် | ၅/ခဥတ(နိုင်)၀၆၃၅၆၀ | ၃၈ | အဖွဲ့ဝင် | ၀၉-၇၇၃၂၄၁၇၉၄ |
| ၉ | ဦးလှဆန်း | ဦးဖိုးလုံး | - | ၅၀ | အဖွဲ့ဝင် | - |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(ဂ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄၄ | ၃၅ | ၇၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃၄ | ၉၄ | ၂၂၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅၁ | ၁၆၃ | ၃၁၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၄၂ | ၁၄၆ | ၂၈၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၂၈ | ၁၄၉၆ | ၂၈၂၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၀၅ | ၂၀၃ | ၃၀၈ |
| **စုစုပေါင်း** | | **၁၉၀၄** | **၂၁၃၀** | **၄၁၁၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၈၂၀** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၂၀)၊ လူဦးရေစုစုပေါင်း(၄၁၁၁)ဦး ရှိရာ လူဦးရေ (၂၈၂၄)ဦးမှာ အလုပ်လုပ်ကိုင်သူများဖြစ်သည်။ လူဦးရေ (၆၀၂)ဦး မှာ ကျောင်းနေ အရွယ်များဖြစ်ပြီး ကျန်သောလူဦးရေ (၆၈၅)ဦးမှာ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ဖြစ်ပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၅၀ | ၁၅၂၀ | - | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၇၀ | ၁၃၁၀ | - | မြင့် ☐ လတ်☐ နိမ့် ✔ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၅ | ၅၅ | - | မြင့် ☐ လတ်☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၇ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၃ | ၂၃ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၂၂ | - | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၄ | ၅၈ | - | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၇ | ၄၇ | - | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၂ | – | မြင့် ☐ လတ်✔ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၁ | ၂၁ | – | မြင့် ☐ လတ်✔ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | – | မြင့် ☐ လတ်✔ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | – | – | – | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ **ကျီကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါ သည်။ အခြားဝင်ငွေရ လုပ်ငန်းများအပြင် ပန်းရံလုပ်ငန်း၊ အလူမီနီယံလုပ်ငန်း၊ ရောင်းဝယ်ရေး လုပ်ငန်းများလုပ်ကိုင်ကြပြီး အစိုးရဝန်ထမ်းလုပ်ကိုင်သူအချို့ ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး နေ့စားလုပ်သားများနှင့် အလူမီနီယမ်လုပ်ငန်း၊ နေ့စားလုပ်သားများ များပြားပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား(၃) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၇၀၀၀ | - | ၅၀၀၀ | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ငန်း | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ပါက တစ်နေ့လျှင် အများဆုံး(၆၀၀၀)ကျပ်ရရှိပြီး အနည်းဆုံးစျေး(၅၀၀၀)နှုန်း ဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်ပါသည်။ လက်သမား၊ ပန်းရံအဖြစ် လုပ်ကိုင်သူများသည် တစ်နေ့လျှင် (၇၀၀၀)ခန့် ရရှိပါသည်။ အလူမီနီယံလုပ်ငန်းလုပ်သားများအနေဖြင့်လည်း တစ်နေ့လျှင် (၇၀၀၀)ခန့် ရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၃၇၃ | ကောင်း ✔ | သင့် ☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆၇ | ကောင်း ☐ | သင့် ✔ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၇၈ | ကောင်း ☐ | သင့် ✔ | ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၆၁၉ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျီကုန်းကျေးရွာတွင် လယ်မြေဧကများပြားပြီး ကိုင်းမြေနှင့် ယာမြေ ဧကအချို့ရှိကြပါသည်။ စိုက်ပျိုးမြေ အရည်အသွေးမှာ ပျမ်းမျှအားဖြင့် အသင့်အတင့်သာရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ(✓)၊ ကျောက်စရစ်(✓) စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ (✓)၊ဆေးဘက်ဝင် အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၀)ဧကနှင့် အထက် | (၈)ဧက အထက် | (၃)ဧကအထက် | မြေယာမဲ့ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက် | တစ်ထပ်တိုက် | ပျဉ်တောင်သွပ်မိုး | သွပ်မိုး၊ကပ်ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်ကြီးနှင့် ကား | လက်တွန်းနှင့် ရေစုပ်စက် | ရေစုပ်စက် | လုပ်အား |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူနှင့် အရောင်းအဝယ် | တောင်သူ | လုပ်အား | လုပ်အား |
| အိမ်ထောင်စု | ၁၀၀ | ၁၅၀ | ၂၀၀ | ၃၇၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၌ အိမ်ထောင်စု(၈၂၀)ရှိရာ အဆင်ပြေသောအိမ်ထောင်စု(၁၃%) အလယ်အလတ်ရှိသောအိမ်ထောင်စု (၁၈%)၊ မပြေလည်သောအိမ်ထောင်စု (၂၄%)နှင့် အလွန် မပြေ

လည်သောအိမ်ထောင်စု (၄၅%)ရှိပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများမှာ အများအား ဖြင့် ကျပမ်းလုပ်သားများ ဖြစ်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ ( ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၄၀ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၄၀<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၆၀ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၆၀<br>လုပ်အားခကြိုယူ = _____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း၌ (၃)လအောက်ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု (၄၀) မှာ NGO ချေးငွေအဖွဲ့အစည်းများမှ ချေးယူသုံးစွဲကြပြီး (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု(၆၀)စုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် NGO ချေးငွေအဖွဲ့အစည်းများမှ ချေးယူ သုံးစွဲခြင်းဖြင့် စားဝတ်နေရေးအား ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၈)ချောင်းဦးမြို့နယ်၊ကျီကုန်းကျေးရွာ၏ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁၀ | ၅ | ၁၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | ၂ | ၄ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၇၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ကူညီစောင့်ရှောက်မှုပေးရသော လူဦးရေအချို့ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ✔ | နိမ့် ☐ | မရှိ ✔ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ✔ | နိမ့် ☐ | မရှိ ✔ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ✔ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ်✔ | နိမ့် ☐ | မရှိ ✔ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ✔ | နိမ့် ☐ | မရှိ ✔ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု(✓) | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ✔ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ✔ | နိမ့် ☐ | မရှိ ☐ |
| ၁၂ | ၄က်ဖျားရောဂါ | မြင့် ☐ | လတ် ✔ | နိမ့် ☐ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ✔ | နိမ့် ☐ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ✔ | မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ✔ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားလုပ်သားများ(၄၅)%ရှိသော စားနပ်ရိက္ခာ မဖူလုံမှု မှာ အလယ်အလတ်အခြေအနေ ဖြစ်ပါသည်။ မိုးခေါင်မှုများ မကြာခဏကြုံတွေ့ရသည်။ ဓာတုပစ္စည်း များသုံးစွဲခြင်းကြောင့် မြေဆီလွှာပျက်စီးမှုများ ရှိပါသည်။

## (၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ | လတ် ☐ | နိမ့်✔ | မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ | လတ် ✔ | နိမ့်☐ | မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ | လတ် ✔ | နိမ့်☐ | မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ | လတ် ✔ | နိမ့်☐ | မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်✔ | မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ | လတ် ✔ | နိမ့်☐ | မရှိ ☐ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ | လတ် ☐ | နိမ့်✔ | မရှိ ☐ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ | လတ် ☐ | နိမ့်✔ | မရှိ ☐ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ | လတ် ✔ | နိမ့်☐ | မရှိ ☐ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ | လတ် ☐ | နိမ့်✔ | မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း လူငယ်များသည် ပျက်စီးမှု အနည်းငယ်သာရှိပါသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

**ဇယား (၁၁) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကရုဏာရှင် လူမှုကူညီရေး ကားအသင်း | ၁☐ ၂✔ ၃☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၂ | ဓမ္မစကူးလ် | ၁✔ ၂☐ ၃☐ | ၅၀ | ၅၀ | ၁၀၀ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကျောင်း ကော်မတီ | ၁☐ ၂✔ ၃☐ | ၁၀ | - | ၁၀ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၄ | အရံမီးသတ် | ၁✔ ၂☐ ၃☐ | ၁၅ | - | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |
| | | ၁☐ ၂☐ ၃☐ | ၂၀ | - | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| | | ၁☐ ၂☐ ၃☐ | ၂၀ | - | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| | | ၁☐ ၂☐ ၃☐ | ၂၀ | - | ၂၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့, စသည့်။**

(၂) **လူမှုရေးအဖွဲ့, - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း လူထုအခြေပြုအဖွဲ့အစည်း(၄)ခုရှိပါသည်။**

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား(၁၂) **ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏**ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | အလိုင်းရင့်ငွေစု ငွေချေး | ၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | စထာပနာ | ၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | Advans | ၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ✔<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။

(၁) ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ပြင်ပချေးငွေအဖွဲ့အစည်း (၄)ခုရှိပါသည်။ စိုက်ပျိုးရေး မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးပေးခြင်း ဖြစ်သည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၁၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၉၅ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၅၀ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၉၀ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၈၂၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့နေ့စားလုပ်သား ထက်ဝက်နီးပါးရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ✔ မဖြေဆိုပါ □ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ✔ မဖြေဆိုပါ □ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ✔ မရှိ□ မဖြေဆိုပါ □ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ✔ မဖြေဆိုပါ □ |
| ၅ | အဝီစိတွင်း | ၁၃၇၃ | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ✔ မရှိ□ မဖြေဆိုပါ □ |
| ၆ | လက်ဝင်ရေတွင်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ✔ မဖြေဆိုပါ □ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ✔ မဖြေဆိုပါ □ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✔ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး အဝီစိရေတွင်းများကိုသာ အသုံးပြုနိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ဧကော အထွက်နှုန်း | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၁၃၇၃ | တင်း | ၅၀ | ၈၀ | ၇၀ | | | မြင့်✔ လတ်□နိမ့်□ | မြင့်□ လတ်✔နိမ့်□ |
| ကုလားပဲ | ၉၀၀ | တင်း | ၁၀ | ၁၅ | ၁၂ | | | မြင့်□ လတ်✔နိမ့်□ | မြင့်□ လတ်✔နိမ့်□ |

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူ နစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | | |
| နှမ်း | ၉၀၀ | ။ | ၅ | ၁၀ | ၈ | | | မြင့်□ လတ်✔နိမ့်□ | မြင့်□ လတ်✔နိမ့်□ |
| ကွမ်း | ၇၀ | ဝိသာ | ၁၅၀ | ၂၅၀ | ၁၀၀ | | | မြင့်✔ လတ်□နိမ့်□ | မြင့်□ လတ်✔နိမ့်□ |
| | | | | | | | | မြင့်□ လတ်□နိမ့်□ | မြင့်□ လတ်□နိမ့်□ |
| | | | | | | | | မြင့်□ လတ်□နိမ့်□ | မြင့်□ လတ်□နိမ့်□ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။ ကုလားပဲ၊ နှမ်း များကို သီးထပ်သီးနှံအဖြစ် စိုက်ကြသည်။ ကွမ်းကို အိမ်ခြံဝန်းများတွင် တပိုင်တနိုင် စိုက်ကြသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂၀ | - | - | ၄၇၀ |
| လက်တွန်းထွန်စက် | ၂၁၀ | - | - | ၃၂၀ |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြေလှေ့စက် | ၃၀ | - | - | ၄၈၀ |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြေလှေ့စက် | ၅၀ | - | - | - |
| ရေစုပ်စက် | ၃၇၀ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

